BURMA NEWS INTERNATIONAL
Myanmar Peace Monitor

# Weekly News Review

Issue 93, February 15 - 21, 2023



# အရပ်သားပြည်သူများအား ပစ်မှတ်ထားလာသော စစ်အုပ်စု၏ လေကြောင်းရန်

# အရပ်သားပြည်သူများအား ပစ်မှတ်ထားလာသော စစ်အုပ်စု၏ လေကြောင်းရန်

## နိဒါန်း

မိမိတို့ BNI - Myanmar Peace Monitor အနေဖြင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းရွာ ကိုယ်ထူကိုယ်ထ စာသင်ကျောင်း လေကြောင်းမှ ပုံးကြဲတိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့်  ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်၊ ဖားကန့်မြို့နယ် အနန့်ပါ(ANang Pa) ဒေသ ဂီတဖျော်ဖြေပွဲ ပုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်များကို အခြေပြုကာ ကလေးသူငယ်များအပါအဝင် အရပ်သားပြည်သူများအပေါ် အာကာသိမ်း စစ်အုပ်စု၏ အစုလိုက် အပြုံလိုက် သတ်ဖြတ်နိုင်စွမ်းအပေါ် Weekly News Reviews (အမှတ်စဉ် - ၇၇) တွင် သုံးသပ်တင်ပြခဲ့ပြီးဖြစ်သည်။



ထို့နောက် အရှိန်မြှင့်ထိုးစစ်ဆင် တိုက်ခိုက်လာနေသော အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို အချက်အလက်အခြေပြုကာ ယခုနှစ်ဆန်းပိုင်းတွင် လေ့လာတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အရှိန်မြှင့်ထိုးစစ်ဆင်လာနေသော လေကြောင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်ဒေသများနှင့် သက်ရောက်မှုအခြေအနေများကို ကိန်းဂဏန်း အချက်အလက် အခြေပြုကာ လေ့လာတင်ပြသွားပါမည်။


## စစ်အုပ်စု၏ လေကြောင်းရန်သင့် ပစ်မှတ်ဒေသများ

မိမိတို့ BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီအနေဖြင့် လေကြောင်းမှ ပုံးကြဲတိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၂၄၆ ရက်အထိ ရှိခဲ့ပါသည်။ အကြိမ်ရေအားဖြင့်မူ ထောင်နှင့်ချီ၍ ရှိနိုင်သည်ဟု ဆိုရပါမည်။

အရှိန်မြှင်ထိုးစစ်ဆင်လျက်ရှိသော လေကြောင်းတိုက်ခိုက်မှုများ၏ ပစ်မှတ်ထားရာဒေသများကို လေ့လာကြည့်ပါက ရန်ကုန်၊ မန္တလေး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းတို့မှလွဲ၍ ကျန်တိုင်းနှင့် ပြည်နယ် (၁၂)ခုစလုံးသည် စစ်အာဏာသိမ်းကာလအတွင်း စစ်အုပ်စု၏ လေကြောင်းမှ ပုံးကြဲတိုက်ခိုက်မှုများကို ကြုံတွေ့ခဲ့ရပါသည်။ ထိုအနက်



ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းသည် လေကြောင်းတိုက်ခိုက်မှု အများဆုံးခံရသည့် ဒေသများ ဖြစ်နေသည်ကို တွေ့ရပါသည်။ ကချင်ပြည်နယ်သည် တတိယမြောက် လေကြောင်းတိုက်ခိုက်မှုအခံရဆုံးဒေသ ဖြစ်ခဲ့သည်။ ထို့နောက်တွင်မှ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်နီ(ကယား)ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့သည် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုပစ်မှတ်ထားရာ ဒေသများ ဖြစ်ခဲ့သည်ကို တွေ့ရသည်။




မြို့နယ်အလိုက် လေ့လာကြည့်ပါမူ ကရင်ပြည်နယ် မြဝတီနှင့် ဖာပွန်မြို့နယ်တို့သည် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုအများဆုံးခံရသည့် မြို့နယ်များဖြစ်ခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုရက်ပေါင်း ၅၁ ရက်အထိ အများဆုံး ကြုံတွေ့ခဲ့ရသည်ကို တွေ့ရပါသည်။ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးနှင့် ကော့ကရိတ်၊ ရခိုင်ပြည်နယ် မောင်းတော၊ စစ်ကိုင်းတိုင်း ကသာ၊ ယင်းမာပင်နှင့် ဒီပဲယင်း၊ ကချင်ပြည်နယ် ဖားကန့်၊ ဝိုင်းမော်နှင့် မိုးမောက်၊ ရှမ်း-ကရင်နီနယ်စပ် ဖယ်ခုံ၊ ကရင်နီ(ကယား)ပြည်နယ် ဒီးမော့ဆို၊ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်တို့သည်လည်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုရက်ပေါင်း ၅ ရက်မှ ၁၁ ရက်အကြား ကြုံတွေ့ခဲ့ရပါသည်။




စစ်အာဏာသိမ်းကာလအတွင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ မှတ်တမ်းအရ စစ်ကောင်စီတပ်၏ လေကြောင်းမှတဆင့် ပစ်မှတ်ထားပုံးကြဲတိုက်ခိုက်မှုခံရသည့် မြို့နယ်ပေါင်း ၆၉ မြို့နယ်အထိ ရှိခဲ့ပြီး လေကြောင်း တိုက်ခိုက်မှု အနည်းဆုံး တစ်ရက် ကြုံတွေ့ခဲ့ရသည့် မြို့နယ်ပေါင်း ၂၃ မြို့နယ် ရှိပါသည်။ လေကြောင်းတိုက် ခိုက်မှု နှစ်ရက် ကြုံတွေ့ခဲ့ရသည့် မြို့နယ်ပေါင်း ၁၉ မြို့နယ် ရှိသည်။ လေကြောင်း တိုက်ခိုက်မှု ၃ ရက်မှ ၁၀ ရက် အထိ ကြုံတွေ့ခဲ့ရသည့် မြို့နယ်ပေါင်း၂၄ မြို့နယ်ရှိပြီးလေကြောင်း တိုက်ခိုက်မှု ၁၀ ရက်အထက် ကြုံတွေ့ခဲ့ရသည့် မြို့နယ် ၃ မြို့နယ်ရှိခဲ့သည်ကို တွေ့ရပါသည်။

## လေကြောင်းတိုက်ခိုက်မှုများ၏ သက်ရောက်မှုများ

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ မှတ်တမ်းအရ အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများကြောင့် အသက်သေဆုံးခဲ့ရသည့် အရပ်သားပြည်သူပေါင်း ၂၃၀ နီးပါးအထိရှိကာ သက်ရောက်မှုကြီးမားခဲ့သည်ကို တွေ့ရသည်။ ထို့နောက်တွင်မှ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်(PDF-LDF) အဖွဲ့ဝင် ၆၈ ဦးကျဆုံးကာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO) တပ်ဖွဲ့ဝင် ၃၀ နီးပါးကျဆုံးခဲ့ရပါသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေကို လေ့လာကြည့်ပါက အရပ်သားပြည်သူ ၂၅၃ ဦးအထိ အများဆုံး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို တွေ့ရပြီး ERO တပ်ဖွဲ့ဝင် ၅၀ ဦးနှင့် PDF-LDF တပ်ဖွဲ့ဝင် ၃၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့်နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် စစ်ဘေးရှောင်ပြည်သူပေါင်း ၄၅၅၀၀ အထိ ရှိခဲ့သည်ကို တွေ့ရပါသည်။

**လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ၊ PDF နှင့် ERO များအပေါ် သက်ရောက်မှုအခြေအနေများ**




ဆိုရသော် အရှိန်အဟုန်မြှင့်ထိုးစစ်ဆင်လာနေသော အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများ၏ ပစ်မှတ်ထားရာဒေသများအဖြစ် ခုခံတော်လှန်စစ်ပြင်းထန်ရာ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ ဖြစ်နေသည်ဟု ဆိုနိုင်ပါသည်။ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူနှင့် အသက်သေဆုံးခဲ့ရသော အရပ်သားပြည်သူစုစုပေါင်း ၅၀၀ နီးပါးရှိနေသည့်အတွက် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချယ်ရှိစွာ ပစ်မှတ်ထားတိုက်ခိုက်နေသလားဆိုသည်က မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းရွာ ကိုယ်ထူကိုယ်ထစာသင်ကျောင်း လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခံရမှု ဖြစ်စဉ်၊ ဖားကန့်မြို့နယ် အနန့်ပါ(ANang Pa) ဒေသ ဂီတဖျော်ဖြေပွဲ ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်နှင့် ဒီးမောဆိုမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများအား ၄ ရက်ကြာ လေကြောင်းမှတဆင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များသည် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်နေသည်ကို သက်သေပြနေပါသည်။

ယခု ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစကာ အာဏာသိမ်းစစ်အုပ်စုသည် နွေဦးတော်လှန်ရေးနှင့်အတူ ပူးပေါင်းပါဝင်နေကြသော ERO များအား ပစ်မှတ်ထားတိုက်ခိုက်သည်ကိုလည်း ချင်းအမျိုးသားတပ်ဦး(CNF/CNA) ဌာနချုပ်အား ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်က ထင်ရှားစေပါသည်။

> အဝမ္ဗရယူရန် ကြိုးပမ်း နေသော စစ်အာဏာသိမ်းမှု သက်ဆိုးရှည်ရေးအတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ စစ်အုပ်စုနှင့် အစေအပါး များသည် လေကြောင်း တိုက်ခိုက်မှုများကိုသာ အားကိုးနေရပြီဖြစ်သည် ...

# သုံးသပ်တင်ပြချက်

နှစ်နှစ်ကျော်ကြာမြင့်လာသည့် စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်း စစ်အုပ်စုအား ခုခံတော်လှန်စစ်သည် ပိုမိုအပြန့်ကျယ်စွာ ပြင်းထန်လာပြီဖြစ်သည်။ ၂၀၂၃ ခုနှစ်အား နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်နှစ်အဖြစ် ရည်မှန်းချက်ထားကာ ခုခံတော်လှန်စစ်ဆင်နွှဲနေကြသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် မြို့ပြဒေသအလိုက် PDF – LDF များ၊ ERO များ စသည့် အင်အားစုများအချင်းချင်း ချိတ်ဆက်လက်တွဲကာ စစ်အုပ်စုအား ခုခံတော်လှန်တိုက်ပွဲဖော်ဆောင်များကို စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီ (ကယား)ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တွေ့မြင်နေရပြီဖြစ်သည်။

မြေပြင်အင်အားလျော့နည်းကာ နယ်မြေထိန်းချုပ်နိုင်စွမ်းကျဆင်းလာသော အာဏာသိမ်းစစ်အုပ်စုသည် လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကိုသာ အဓိကလုပ်ဆောင်နေရသည်ကိုတွေ့ရသည်။ ထို့ကြောင့် အဝမ္ဗရယူရန် ကြိုးပမ်းနေသော စစ်အာဏာသိမ်းမှု သက်ဆိုးရှည်ရေးအတွက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ စစ်အုပ်စုနှင့် အစေအပါးများသည် လေကြောင်းတိုက်ခိုက်မှုများကိုသာ အားကိုးနေရပြီဖြစ်သည်။ ၎င်းစစ်အုပ်စု၏ လေကြောင်းရန်သည်ပင် အရပ်သားပြည်သူများ၏ အသက်ဇီဝိန်နှင့် ရပ်တည်ရှင်သန်ရေးကို အကြီးမားဆုံး ခြိမ်းခြောက်နေကြောင်း ဆိုခဲ့ပါကိန်းဂဏန်းများက သက်သေပြနေပါသည်။




စစ်အုပ်စု၏ လေကြောင်းရန်သည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဟူသော နွေဦးတော်လှန်ရေး၏ မျှော်ရည်ရာကို အဟန့်အတား ဖြစ်စေနိုင်ပါသည်။ စစ်အုပ်စု၏ လေကြောင်းရန်ကို ထိန်းချုပ်နိုင်ရေးသည် နွေဦးတော်လှန်ရေးအင်အားစုများ၊ အစုအဖွဲ့များအကြား အဖြေရှာရပေလိမ့်မည်။ နိုင်ငံတကာအစိုးရများနေဖြင့်လည်း စစ်အုပ်စု၏ လေကြောင်းရန်ကို ဟန့်တားကာကွယ်နိုင်ရေး နည်းလမ်းရှာချဉ်းကပ်ကာ မြန်မာပြည်သူလူထု၏ အသက်၊ အိုးအိမ်စည်းစိမ်များအား ကာကွယ်နိုင်ရေးအတွက် အရေးတယူကြိုးပမ်းသင့်ပြီ ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဖေဖော်ဝါရီလ ၁၅ ရက် မှ ၂၁ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြ ဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များ အကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၉ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက တနင်္သာရီတိုင်းသည် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၆ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၂၉ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

ဖေဖော်ဝါရီ ၁၅ - ၂၁ - ၂၀၂၃

**၁၂၇** စစ်ကောင်စီတပ်သားသေဆုံးမှု

**၄** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု


**၂၁** အရပ်သားသေဆုံးမှု




## ၂၀၁၀၀ စစ်ဘေးရှောင်အရေအတွက် (ဖေဖော်ဝါရီ ၁၅ - ၂၁ - ၂၀၂၃)










# စစ်ကိုင်းတိုင်း

ကသာမြို့နယ် အင်းကြီးကျေးရွာကို စစ်ကောင်စီတပ်မှ ဝင်ရောက်စီးနင်းခဲ့ပြီးနောက် စစ်ကြောင်းပြန်ထွက်သွားချိန် ဖေဖော်ဝါရီ ၁၅ ရက်က ကျေးရွာအတွင်း သေနတ်ဖြင့် ပစ်သတ်ခံထားရသည့် ရုပ်အလောင်း ၇ လောင်းကို ဒေသခံများက တွေ့ရှိခဲ့ကြပါသည်။ အမည်မသိ ရုပ်အလောင်းများမှာ ၁၈ နှစ်အရွယ် အမျိုးသားများဖြစ်ပြီး၊ အင်းကြီးရွာခံများ မဟုတ်ကြကြောင်း သိရပါသည်။ စစ်ကောင်စီတပ်သည် ပြီးခဲ့သည့်ရက်ပိုင်းက အင်းကြီးအပါအဝင် မယ်ငို၊ တက်တူလယ်နှင့် သာယာကုန်း အစရှိသည့် ကျေးရွာများကို ဝင်ရောက်စီးနင်းခဲ့ပြီး ဒေသခံနေအိမ်စုစုပေါင်း ၇၀၀ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။

ဖေဖော်ဝါရီ ၁၇ ရက်ကလည်း ကန့်ဘလူမြို့နယ်၊ ထန်းကုန်းတိုက်နယ်၊ ကိုင်းရိုးကျေးရွာအနီးရှိ တောထဲတနေရာတွင် မီးရှို့အသတ်ခံထားရသည့် စစ်ဘေးရှောင် အမျိုးသား ၂ ဦး၏ ရုပ်အလောင်းကို ဒေသခံများ တွေ့ရှိခဲ့ကြပါသည်။ အသတ်ခံရသူများမှာ အသက် ၂၂ နှစ်နှင့် ၃၂ နှစ်အရွယ် တို့ဖြစ်ပြီး၊ ကျေးရွာသို့ အထုပ်အပိုးများသွားယူစဉ် စစ်ကောင်စီတပ်က ဖမ်းဆီးသတ်ဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ စစ်ကြောင်းသည် အသက် ၁၅ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦးကိုလည်း ဖမ်းဆီးထားပြီး စစ်ကြောင်းတလျှောက် ခေါ်ဆောင်သွားကြောင်း သိရပါသည်။ စစ်ကောင်စီတပ်သည် စစ်ကြောင်းနှစ်ကြောင်းခွဲကာ ကန့်ဘလူခရိုင်အတွင်း စစ်ကြောင်းထိုးနေခြင်းကြောင့် ထန်းကုန်းတိုက်နယ်နှင့် ဇီးကုန်းတိုက်နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၈ ရွာမှ ပြည်သူ ၁၅၀၀၀ ကျော်ခန့်သည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

ယင်းမာပင်၊ အရာတော်နှင့် ဒီပဲယင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၁ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဝက်လက်၊ မုံရွာနှင့် ထီးချိုင့်မြို့နယ်များတွင် စစ်ကောင်စီတပ် ပစ်ခတ်တိုက်ခိုက်ခံရပြီး စစ်ကောင်စီ တပ်သား ၈ ဦး ကျဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ကနီမြို့ပေါ်မှ မြန်မာ့စီးပွားရေးဘဏ်အစောင့် စစ်ကောင်စီတပ်သားအချင်းချင်း ပစ်ခတ်မှုဖြစ်ပြီး ၁ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် မြင်းမူ၊ ကသာနှင့် ကန့်ဘလူမြို့နယ်များမှ ဒေသခံပြည်သူ ၁၀ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးမှုကြောင့် ပုလဲနှင့် မင်းကင်းမြို့နယ်များမှ ဒေသခံ ၁၁၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင် နေရသည်။





# ကချင်ပြည်နယ်


ဖားကန့်မြို့နယ် ဆောင်းချိန်ကျေးရွာကို စစ်ကောင်စီတပ် အင်အား ၃၈ ခန့်မှ ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စစ်ကြောင်းထိုး ဂင်ရောက်ခဲ့ပြီး၊ ဒေသခံနေအိမ်များကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် လူဦးရေ တစ်ထောင်နီးပါးခန့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။

ဖေဖော်ဂါရီ ၁၆ ရက်ကလည်း မော်စီဆာကျေးရွာမှ ဒေသခံ အယောက် ၃၈ ကျော်ကို စစ်ကောင်စီတပ်မှ လက်ပြန်ကြိုးတုပ်ကာ အတင်းအဓမ္မ အကြမ်းဖက် ဖမ်းဆီးခေါ်ဆောင်ခဲ့ပါသည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသမီးများအပါအဝင် ရေမဆေးကျောက်သမားများနှင့် ကုမ္ပဏီလုပ်သားအချို့လည်း ပါဂင်ပြီး အကြောင်းမဲ့ ဖမ်းဆီးခံခဲ့ရကြောင်း သိရပါသည်။







# မကွေးတိုင်း





ပေါက်မြို့နယ် ရွှေဘုံသာကျေးရွာရှိ ဒေသခံနေအိမ်များကို မီးရှို့ခြင်း၊ လယ်ထဲမှ စပါးများ ယူဆောင်ခြင်း၊ ရွာသားများ၏ ဆိုင်ကယ်နှင့်နွား အစရှိသော ပစ္စည်းဥစ္စာများကို ယူဆောင်ခြင်းများ ပြုလုပ်ရာတွင် ပါဝင်ခဲ့သော စစ်ကောင်စီတပ်ဖွဲ့နှင့် ပျူစောထီးအဖွဲ့များရှိရာ နေရာကို PDF တပ်ပေါင်းစုမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သိရပါသည်။ အဆိုပါတိုက်ခိုက်မှုကို ပြည်သူ့တော်လှန်ရေးတပ်ဦး ၊ ပခုက္ကူလူပ်ရှားစစ်ဒေသ ၊ ပခုက္ကူတော်လှန်ရေးတပ်ဦး၏ Bravo Squad နှင့် Black ပြောက်ကျားတပ်ဖွဲ့မှ ရဲဘော်များမှ ပူးပေါင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေစကြိုမြို့နယ်ရှိ ရေလယ်ကျွန်းဒေသ၊ မင်းရွာ ပျူစောထီးစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ စစ်ကောင်စီတပ်သား အင်အား ၇၀ ခန့်သည် မင်းရွာ ကျေးရွာတွင် အထိုင်ချတပ်စွဲနေထိုင်နေပြီး ရေလယ်ကျွန်းဒေသတပိုက်မှ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံများ၏ အဖိုးတန်လက်ဝတ်ရတနာများနှင့် ငွေကြေးများကို ခိုးယူခြင်းနှင့် အိမ်မွေးတိရစ္ဆာန်များကို သတ်ဖြတ်စားသောက်ခြင်းများ ဆက်တိုက်ပြုလုပ်လျက်ရှိနေပါသည်။

ပေါက်၊ သရက်နှင့် မင်းလှမြို့နယ်များတွင် စစ်ကောင်စီတပ် နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀ ဦး သေဆုံးခဲ့သည်။











# မန္တလေးတိုင်း

မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်မှ စစ်ကောင်စီတပ် ဒေါက်တိုင်အဖြစ် နာမည်ကျော်ကြားပြီး သေနတ်ခါးကြားထိုး၍ သွားလာနေသော ရပ်ကွက်ရာအိမ်မှူးတစ်ဦးဖြစ်သူ ဦးဇော်ဂင်းထွန်း ဆိုသူသည် ဖေဖော်ဂါရီ ၁၇ ရက်က ဆိုင်ကယ်ဖြင့် လမ်းသွားနေစဉ် သေနတ်ဖြင့်ပစ်သတ်ခံရ၍ သေဆုံးခဲ့ပါသည်။ ဖြစ်စဉ်မှာ အဆိုပါ ရာအိမ်မှူးသည် ချမ်းမြသာစည်မြို့နယ်ရှိ ၎င်း၏ မိတ်ဆွေတစ်ဦးထံသို့ လာရာ၊ ၇၈ လမ်းနှင့် ရန်ကုန်-မန္တလေးမီးရထားသံလမ်းကြား၊ ပညာပျိုးခင်းလမ်းပေါ်အရောက်တွင် ၎င်းအား ဒေသအခြေစိုက်ပြောက်ကျားတပ်ဖွဲ့တစ်ခုဖြစ်သော အောင်စည်တော်စစ်ဆင်ရေး-မန္တလေး(AST-MDY)ထံတွင် သေနတ်ဖြင့် ရှင်းလင်းခဲ့ခြင်းပါသည်။

ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကို ဖေဖော်ဝါရီ ၂၁ ရက်က ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး နာမည်ကြီး ပျူခေါင်းဆောင်တစ်ဦး သေဆုံးပြီး ၃ ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါသည်။ သေဆုံးသူ ပျူခေါင်းဆောင်ထံမှ ၎င်းကိုင်ဆောင်သည် ကာဘိုင် သေနတ်တစ်လက်၊ ကျည် ၇၀ တောင့်၊ ကျည်ဘောက်သုံးခု သိမ်းဆည်းရရှိခဲ့ကြောင်း၊ အဆိုပါပျူစောထီးအဖွဲ့သည် ဆင်ရွာကြီးကျေးရွာအပါအဝင် အနီးဝန်းကျင်ရှိ နွယ်နီ၊ ကျွဲရေကုန်း၊ မြကန်သာစသည့် ကျေးရွာများတွင် လက်နက်ပြပြီး မိုက်ကြေးခွဲနေသည့်အဖွဲ့ဖြစ်ကြောင်း သိရပါသည်။

ဖေဖော်ဝါရီ ၁၇ ရက်နေ့က မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်မှ ရာအိမ်မှူးဖြစ်သူ ဦးဇော်ဂင်းထွန်း ဆိုင်ကယ်ဖြင့် လမ်းသွားနေစဉ် ပြည်သူ့ကာကွယ်ရေးအဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလ ၂၁ ရက် နေ့က ပုသိမ်ကြီး မြို့နယ်၊ ဆင်ရွာကြီးကျေးရွာအုပ်စု အုပ် ချုပ်ရေးမှူးရုံးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ဝင် ရောက် တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ ပြီး ပျူခေါင်းဆောင် ၁ ဦး သေဆုံးခဲ့သည်။







# ကရင်ပြည်နယ်

လိပ်သိုမြို့တွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်က လူနေရပ်ကွက်များသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းကြောင့် အရပ်သား ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ လူဦးရေ တစ်ထောင်ကျော်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ စစ်ကောင်စီတပ် လက်နက်ကြီးကြောင့် လိပ်သိုမြို့ရှိ ဘုရားကျောင်းတစ်ကျောင်းအပါအဝင် ဒေသခံနေအိမ် ၁၀ လုံးကျော်လည်း ထိခိုက်ပျက်စီးခဲ့ပါသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ကော့ကရိတ်မြို့နယ်တောင်ပိုင်း၊ စစ်ဘေးရှောင်များယာယီခိုလှုံနေထိုင်သည့်နေရာကို စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် စစ်ဘေးရှောင် ၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ ဒဏ်ရာရရှိခဲ့သူများတွင် နော်နန္ဒာဝင်း ၁၄ နှစ်၊ နော်နော်လှထွေး ၃၆ နှစ်နှင့် စောဖားထုတ်ဒေါ ၄၄ နှစ်တို့ဖြစ်ကြပါသည်။






# ပဲခူးတိုင်း


ဖေဖော်ဝါရီ ၁၈ ရက်တွင် မူးမြို့နယ်၊ တုံးတောကျေးရွာ၌ အခြေချတပ်စွဲထားသော စစ်ကောင်စီတပ် ခမရ (၅၉၉)မှ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးသည် ကျွန်းတောကျေးရွာ ဒေသခံတစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ဆန်း၏ နေအိမ်ပေါ်ရှိ ထမင်းပိုင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး၊ ဒေါ်မြင့်မြင့်ဆန်းမှာ လက်နက်ကြီးဒဏ်ရာကြောင့် ပွဲချင်းပြီးသေဆုံးခဲ့ကာ၊ အတူထမင်းစားနေသည့် သားနှင့်သမီးဖြစ်သူတို့တွင်လည်း ပြင်းထန်ဒဏ်ရာများရရှိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၂ ရက်၊ ၁၄ ရက် နှင့် ၁၆ ရက်နေ့က ရေတာရှည်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၀ ဦး ကျဆုံးခဲ့သည်။ အဆိုပါတိုက်ပွဲတွင် အထိနာနေသည့် စစ်ကောင်စီတပ်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်မှုများကြောင့် ပြည်သူ ၂ ဦး ထိမှန် သေဆုံးခဲ့ပြီး ဒေသခံ ၅၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ ထို့အပြင် ဖေဖော်ဝါရီလ ၁၈ ရက်နေ့က စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ညောင်လေးပင်ခရိုင်၊ မူးမြို့နယ်၊ ကျွန်းတောကျေးရွာမှ ဒေသခံ အမျိုးသမီး ၁ ဦး သေဆုံးခဲ့ရသည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က အုတ်ဖိုမြို့နယ်မှာ CDM သူနာပြုဆရာမ တဦးကို စစ်ကောင်စီတပ်က ဖမ်းမိသွားပြီး PDF စခန်းကို လိုက်ပြခိုင်းရာမှာ ငြင်းဆန်သည့်အတွက် သူနာပြု ဆရာမ မေဇွန်မိုးကို စစ်ကောင်စီတပ်က ပစ်သတ်ခဲ့သည်။







# ရှမ်း (သျှမ်း) ပြည်နယ်





ဖေဖော်ဝါရီ ၁၇ ရက် နံနက်တွင် တန့်ယန်းမြို့ ရပ်ကွက် ၂ ထဲမှ ကလေးငယ် ၂ ဦးသည် ခြံအတွင်း ကန်စွန်းဥ သွားတူးရာမှ မြေမြှုပ်မိုင်းကို တူးမိပြီး ပေါက်ကွဲမှု ဖြစ်ပွားကာ တစ်ဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ တောင်ကြီးမြို့ ကျောင်းကြီးစု ရပ်ကွက်တွင် တပ်ပိုင် ဈေးဆိုင်ခန်းနှင့် တိုက်ခန်းများကို ဘူဒိုဇာဖြင့် ဖြိုဖျက်ခံရစဉ် ဆိုင်ခန်းအတွင်း ပစ္စည်းသိမ်းနေသည့် အသက် ၂၀ အရွယ် အမျိုးသားတစ်ဦး အုတ်တံတိုင်းပိပြီး သေဆုံးခဲ့ပါသည်။ ဖေဖော်ဝါရီ ၁၈ ရက် နံနက်တွင် စစ်ကောင်စီတပ်ဖွဲ့နှင့် လက်အောက်ခံ ဌာနဆိုင်ရာများ ပူးပေါင်းပြီး သျှမ်းရိုးမ တိုက်တန်းမှ ဆိုင်ခန်းများကို "တပ်ပိုင်မြေ မကျူးကျော်ရ" ဆိုသည့် စာစောင်ကပ်ထားကာ လူသွားလမ်းများကိုလည်း ပိတ်ထားခဲ့ကာ 212 ဈေးရှိ ဆိုင်ခန်းများကို ဘူဒိုဇာဖြင့် ဖြိုဖျက်ခဲ့ကြပါသည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ကျောက်မဲမြို့နယ်၊ နမ့်ခုံကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် တအာင်း (ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၅ ဦး ကျဆုံးခဲ့သည်။ ဖေဖော်ဝါရီ ၁၇ ရက်နေ့က တန့်ယန်းမြို့ ရပ်ကွက် ၂ ထဲတွင် ကလေးငယ် ၂ ဦး ခြံအတွင်း ကန်စွန်းဥ သွားတူးရာမှ မြေမြှုပ်မိုင်း တူးမိပြီး ပေါက်ကွဲမှု ဖြစ်ပွားကာ ၁ ဦး သေဆုံးခဲ့သည်။



# ကရင်နီ (ကယား) ပြည်နယ်




လွိုင်ကော်မြို့နယ် ကျောက်ကြီးကျေးရွာ တံတားအနီးတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ အကြောင်းမဲ့ ပစ်ခတ်သည့် လက်နက်ကြီးကျရောက်ပေါက်ကွဲပြီး တောင်ယာမှ ပြန်လာသည့် ဒေသခံတစ်ဦးဖြစ်သူ အသက် ၅၀ နှစ်အရွယ် ဦးအောင်ဖေထံ ထိမှန်ခဲ့ကာ ညာဖက် တင်ပါးတွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် လွိုင်ကော်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေရပါသည်။


ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်တို့တွင် ဖေဖော်ဝါရီ ၁၆ ရက်ညက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခိုက်ခြင်းကြောင့် စစ်ဘေးရှောင်စခန်း ၁၅ ခုရှိ အမိုးအကာများ ပျက်စီးသွားကာ စစ်ရှောင်များ အရေးပေါ် အကူအညီ လိုအပ်နေကြောင်း သိရပါသည်။

ကျေးရွာပေါင်း ၅၀၀ ကျော်ရှိသည့် ကယားပြည်နယ်တွင် ၈၉ ရွာမှ နေအိမ် ၁,၁၉၀ လုံးအား စစ်ကောင်စီတပ်မှ ဖျက်ဆီးခဲ့ပြီး လူဦးရေ ၄၀ ရာခိုင်နှုန်းကျော်သည် အိုးအိမ်စွန့်ခွာ ထွက်ပြေး နေကြရပါသည်။ ယင်းသို့ ထွက်ပြေးတိမ်းရှောင်နေရသူများ၏ ၇၀ ရာခိုင်နှုန်းသည် အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ကြောင်း သိရပါသည်။

ဖေဖော်ဝါရီလ ၁၄ ရက်၊ ၁၈ ရက် နှင့် ၁၉ ရက်နေ့က ဒီးမော့ဆိုမြို့နယ်တွင် စစ်ကောင်စီတပ် နှင့် ကရင်နီ ဒေသခံ ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၄ ဦး ကျဆုံးခဲ့သည်။




# တနင်္သာရီတိုင်း





ဘုတ်ပြင်းမြို့နယ်၊ ခဲချောင်းကျေးရွာအနီးမှ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေက ခရီးသည်တင်ကားတစ်စီး ပစ်ခတ်ခံရပြီး အရပ်သား ၂ ဦး သေဆုံးခဲ့ပါသည်။ သေဆုံးသူများမှာ ရွှေညီအစ်ကို ခရီးသည်တင်ယာဉ်ပေါ် လိုက်ပါလာသော အသက် ၂၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၉ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးတို့ဖြစ်ပြီး၊ ကော့သောင်းဘက်မှ မြိတ်ဘက်သို့ ထွက်ခွာလာစဉ် ပစ်ခတ်ခံရခြင်းဖြစ်ပါသည်။

ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်အတွင်း ဖေဖော်ဝါရီ ၂၁ ညနေပိုင်းတွင် စစ်ကောင်စီတပ်နှင့် ကော်သူးလေတပ်မတော် KTLA၊ PDF ပူးပေါင်းတပ်တို့အကြား မြန်မာဘက်ခြမ်းမှ ဒေသခံတစ်ရာကျော်သည် ထိုင်းနိုင်ငံ ရနောင်ခရိုင်ဘက်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ သက်ကြီးရွယ်အိုနှင့် ကလေးများအပါအဝင် ဒေသခံရွာသားများမှာ ကရပူရီချောင်းကိုဖြတ်ကူးပြီး ရနောင်းခရိုင်၊ ကရပူရီမြို့နယ် ပတ်ကျန်အုပ်စု ပတ်ကရနှင့် ဝိုင်ဒန်ကျေးရွာက ဆီအုန်းပင်များကြားတွင် ဝင်ရောက် တိမ်းရှောင်နေကြရပြီး၊ လက်ရှိတွင် ထိုင်းစစ်တပ် အမှတ် ၂၅ ခြေလျင်တပ်ရင်းနှင့် အမှတ် ၄၁၅ နယ်ခြားစောင့်တပ်တို့မှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးနေကြောင်းသိရပါသည်။

ထားဝယ်၊ ကော့သောင်းနှင့် ပုလောမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်၊ ကော်သူးလေတပ်မတော်(KTLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၃ ဦး ကျဆုံးခဲ့သည်။ အဆိုပါ တိုက်ပွဲကြောင့် ထားဝယ်နှင့် ကော့သောင်းမြို့နယ်များမှ ဒေသခံ ၂၁၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ ထို့အပြင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ထားဝယ်မြို့နယ်တွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA) နှင့် ကော်သူးလေတပ်မတော်(KTLA) တို့အကြား တိုက်ပွဲဆက်လက်ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ဘုတ်ပြင်းမြို့နယ်၊ ခဲချောင်းရွာအနီးက ပြည်ထောင်စု လမ်းမကြီးပေါ်တွင် ခရီးသည်တင်ကားတစ်စီး အမည်မသိ လက်နက်ကိုင် အဖွဲ့၏ ပစ်ခတ်ခြင်းကို ခံရပြီး အရပ်သား ၂ ဦး သေဆုံးခဲ့သည်။







# မွန်ပြည်နယ်

သံဖြူဇရပ်မြို့နယ်၊ ဝဲကလိကျေးရွာ ကြိုးဝိုင်းတောအတွင်း လမ်းလျှောက်လာသည့် ရိုဟင်ဂျာအယောက် ၄၀ ကို စစ်ကောင်စီတပ်က ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများတွင် ရိုဟင်ဂျာအမျိုးသား ၂၅ဦး၊ အမျိုးသမီး ၁၂ဦးနှင့် ကလေး ၃ဦးပါဝင်ကြောင်း၊ ၎င်းတို့ကို စစ်ကောင်စီတပ်မှ ကမာဝက်နယ်မြေရဲစခန်းသို့ ခေါ်ဆောင်သွားကြောင်း သိရပါသည်။

ဖေဖော်ဂါရီ ၁၅ ရက်တွင် ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာ တောင်ဘက်ခြမ်းရှိ လက်ဖက်ရည်ဆိုင်အတွင်းတွင် ထိုင်နေသော ပြည်သူ့ စစ်ခေါင်းဆောင် မြင့်ရီ(ခေါ် )ပေါပီကို အထူးစစ်ဆင်ရေးတပ်ဖွဲ့ (S.O.F)မှ ပစ်သတ်ရှင်းလင်းခဲ့ကြောင်း သိရပါသည်။ သေဆုံးသူသည် စစ်ကောင်စီတပ်များနှင့် ပူးပေါင်းပြီး ကျေးရွာအတွင်းရှိ လူငယ်များနှင့် CDM ဂန်ထမ်းများကို ဖမ်းဆီးခြင်းများ ပြုလုပ်ကာ ပြည်သူများထံမှ အကြောင်းမဲ့ငွေကြေးတောင်းခံမှုများ ပြုလုပ်နေသူဖြစ်ပါသည်။

သထုံ နှင့် ရေးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ ပြည်သူ့ ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၁ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ သထုံမြို့နယ်၊ ကမာစိုင်ရွာ သစ်အနီး တိုက်ပွဲတွင် စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ဒေသခံ အမျိုးသား ၁ ဦး သေဆုံးခဲ့သည်။





# ဧရာဝတီတိုင်း

ပုသိမ်အကျဉ်းထောင်အတွင်း ဖမ်းဆီးခံထားရသော နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်သူ ကိုစိုးပိုင်ဦးနှင့် ၎င်း၏ မိသားစုဝင် ၃ ဦးအား ထောင်တွင်း တရားရုံးမှ ဖေဖော်ဝါရီ ၁၅ရက်တွင် ထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့ပါသည်။ စစ်ကောင်စီတပ်သားများသည် ကိုစိုးပိုင်ဦး အပါအဝင် ၎င်း၏ ဇနီးဖြစ်သူ မချောစုလှိုင်၊ တူမဖြစ်သူ မစုလှိုင်မိုးနှင့် ယောက်ဖ ဖြစ်သူ ကိုတင်လှတို့ကို ပုသိမ်မြို့၊ အမှတ် ၁၀ ရပ်ကွက်ရှိ နေအိမ်မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်တွင် ဖမ်းဆီးခဲ့ပြီး၊ ကိုစိုးပိုင်ဦးအား လက်နက်များ သယ်ယူပို့ဆောင်ပေးနေသည်ဟုဆိုကာ ထောင်ဒဏ် နှစ် ၂၀နှင့် ကျန် ၃ ဦးအား ထောင်ဒဏ် ၅ နှစ်စီ ချမှတ်ခဲ့ပါသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြို့၊ တောင်ဘက်ကမ်း အုပ်ချုပ်ရေးမှူးရုံးအနီး၌ စစ်ကောင်စီတပ်ထောက်ခံသူများနှင့် ကြံ့ဖွံ့ပါတီဝင်များမှ လောင်းကစားဝိုင်းနှင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်နေစဉ် စွန်ရဲနီနွေဦးတော်လှန်ရေး အောင်ဆန်းတပ်ရင်းမှ နန်းထိုက်အောင်စစ်ဆင်ရေးအဖြစ် ပုံးဖောက်ခွဲပြီး တိုက်ခိုက်ခဲ့ကြောင်း သိရပါသည်။



# ရန်ကုန်တိုင်း

ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၄၉ တွင်ရှိသော GTIG အထည်ချုပ်စက်ရုံကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား ပြီး ပိတ်သိမ်းတော့မည်ဖြစ်ကြောင်းသိရပါသည်။ ဖေဖော်ဂါရီ ၁၆ ရက်တွင် စက်ရုံ ပိတ်သိမ်းတော့မည့်အကြောင်းကို အလုပ်သမားများထံသို့ အသိပေးပြောခဲ့သော် လည်း မည်သည့်အတွက်ကြောင့် ပိတ်သိမ်းမည်ကို တရားဝင်ပြောဆိုခဲ့ခြင်းမရှိ သေးကြောင်း၊ စက်ရုံကို ၂၀၁၇ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် အထည်ချုပ်ဝန်ထမ်း ၁၃၀၀ ကျော်ရှိကာ၊ အဆိုပါစက်ရုံသည် အလုပ်သမားများ အခွင့်အရေး မကြာခဏချိုးဖောက်ခံနေရသည့် စက်ရုံများအနက်တစ်ခု ဖြစ် ကြောင်း သိရပါသည်။

ဖေဖော်ဂါရီ ၁၇ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမ၊ သီရိ ရတနာလက်ကားဈေးဝင်းအတွင်းက ဈေးရုံ (S)၊ ဆိုင်ခန်း (၆) တွင် လက်ပစ်ဗုံး အပါအဝင် ဖောက်ခွဲရေးပစ္စည်းများကို စစ်ကောင်စီတပ်မှ တွေ့ရှိခဲ့ပြီးနောက် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်များကို စစ်ကောင်စီတပ်မှ ဧည့်စာ ရင်းဝင်စစ်ပြီး အဝေးပြေးယာဉ်လိုင်းများကိုလည်း ပိုမိုတင်းကျပ်စွာ ရှာဖွေမှုများ ပြုလုပ်နေကြောင်း သိရပါသည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် (၉၄) ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးအား ပြည် သူ့ကာကွယ်ရေး တပ်ဖွဲ့က ဝင်ရောက် ပစ်ခတ်တိုက် ခိုက်ရာ ရာအိမ်မှူး ၂ ဦး သေဆုံးခဲ့သည်။






# ရခိုင်ပြည်နယ်


စစ်တွေမြို့နယ် ဆေးသမားကြီးအုပ်စုရှိ ဖွဲရာကုန်းဒုက္ခသည်စခန်း(IDP Camp)မှ မူဆလင်အမျိုးသမီး ၄၀ ကျော်အား အဓမ္မပြုကျင့်ပြီး လူသတ်ရန်ကြံစည်မှုတို့ဖြင့် စွပ်စွဲဖမ်းဆီးခံထားရသူအား ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ကာယကံရှင်များက တောင်းဆိုထားကြပါသည်။ ဖမ်းဆီးခံထားရသူသည် အဆိုပါ ဖွဲရာကုန်း IDP Camp မှ စခန်းတာဝန်ခံ ဦးအုစ်ဖာန်ဂေါ်နီဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၂ ခုနစ်မှ ၂၀၂၂ ခုနစ် ဩဂုတ်လ ၂ ရက်အထိ စခန်းအတွင်းမှ လင်ရှိ၊ သားသမီးရှိ အမျိုးသမီးများ၊ စိတ်ရောဂါသည် အမျိုးသမီးများနှင့် အသက်မပြည့်သေးသည့် အမျိုးသမီးငယ်များ စုစုပေါင်း ၄၅ ဦးအား တုတ်၊ ဓားပြပြီး ခြိမ်းခြောက်မှုများပြုလုပ်ကာ အတင်းအဓမ္မပြုကျင့်ခဲ့သိရပါသည်။

စစ်တွေမြို့နယ်၊ အောင်တိုင်ကျေးရွာရှိ ဦးရွှေလှနှင့် ဦးမြင့်နိုင်ဆိုသူတို့၏ နေအိမ်တွင် မလေးရှားသို့သွားရန် ရောက်ရှိနေသည့် ရိုဟင်ဂျာ ၅၆ ဦးအား ဖေဖော်ဂါရီ ၁၇ ရက်က စစ်ကောင်စီတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၂၀ ဦးတို့ပါဝင်ကြောင်း၊ ၎င်းတို့သည် မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်နှင့် မြောက်ဦးမြို့နယ်ရှိ ကျေးရွာများမှ ဖြစ်ပြီး မလေးရှားနိုင်ငံသို့ သွားရောက်လိုပါက ငွေကျပ်သိန်း ၈၀ ဖြင့် ပို့ဆောင်ပေးမည်ဟု ဦးရွှေလှတို့က လာရောက် စည်းရုံးပြောဆိုခဲ့ခြင်းကြောင့် မလေးရှားနိုင်ငံသို့ စက်လှေဖြင့်ထွက်ခွာခဲ့ရန် အောင်တိုင်ကျေးရွာတွင် ရောက်ရှိနေကြခြင်းဖြစ်ပါသည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကျောက်တော်မြို့နယ်၊ တင်းမရွာရှိ စစ်ကောင်စီတပ် ရေကောင်းစခန်းအနီး မိုင်းပေါက်ကွဲ၍ စစ်ကောင်စီ တပ်သား ၂ ဦး သေဆုံးခဲ့သည်။



# ချင်းပြည်နယ်




အိန္ဒိယ-မြန်မာနယ်စပ် မီဇိုရမ်ပြည်နယ် ဇိုခေါထာရ်ကျေးရွာတွင် နေထိုင်သော အသက် ၂၆ နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်သူ Pi Laltanpuii သည် ဖလမ်းမြို့နယ် Leilet ကျေးရွာရှိ ၎င်း၏ အမျိုးသားထံသို့ သွားရောက်စဉ် စတောမ်ကျေးရွာအနီးတွင် မြေမြုပ်မိုင်းနင်းမိခဲ့ပြီး ညာဘက်ခြေထောက်တစ်ဖက်ကို ဆုံးရှုံးခဲ့ရပါသည်။

ဖေဖော်ဝါရီ ၁၆ ရက်က ထန်တလန်မြို့ TBC ဘုရားကျောင်းဝင်းအတွင်း ခြေကုပ်ယူထားသော စစ်ကောင်စီတပ်ဖွဲ့ကို ချင်းအမျိုးသားတပ်မတော် CNA နှင့် CDF-Thantlang တပ်ဖွဲ့တို့မှ ဝင်ရောက်စီးနင်းတိုက်ခိုက်စဉ် CDF-Thantlang ရဲဘော်နှစ်ဦးဖြစ်သူ ဆလိုင်းဇန်ထာဘိခ်နှင့် ဆလိုင်းမောစီဇန်ဘွဲ့ဟုပ်တို့ ကျဆုံးခဲ့ပါသည်။ စစ်ကောင်စီတပ်ဖွဲ့သည် ထန်တလန်မြို့အား ပြန်လည်ထိန်းချုပ်နိုင်ရန် စစ်ကူများဖြည့်တင်းကာ လက်နက်ကြီးနှင့် လေကြောင်းပစ်ကူများဖြင့် အပြင်းအထန်ပြန်လည်တိုက်ခိုက်ခဲ့ပါသည်။




ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ထန်တလန်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ချင်းဒေသကာကွယ်ရေးတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။



အမေရိကန်အစိုးရက ဒေါ်လာ သန်း ၅၀ ကို အသစ်ထပ်မံ ထောက်ပံ့သွားမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံအတွင်း တိုးမြင့်လာသည့် နေရပ်စွန့်ခွာရမှုများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် စားနပ်ရိက္ခာ ပိုမိုရှားပါးလာမှုများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ် အကူအညီအဖြစ် ပံ့ပိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ အခြေစိုက် အမေရိကန်သံရုံးမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထောက်ပံ့ငွေများကို အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) မှတဆင့် အရေးပေါ် စားနပ်ရိက္ခာနှင့် အဟာရအထောက်အပံ့အဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ဟောင်း မစ္စတာ စကော့မာစီရယ်က အာဆီယံအနေဖြင့် ဖြေရှင်းဖို့ခက်နေသည့် မြန်မာ့အရေးကို အမေရိကန်မှ ဦးဆောင်သင့်ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း စစ်ကောင်စီတပ် အာဏာသိမ်းခြင်းကို ဆန့်ကျင်နေကြသည့် မြန်မာနိုင်ငံများ၏ အုံကြွတော်လှန်မှုမှာ အဖြေမတွေ့သေးဘဲ တတိယမြောက်နှစ်အတွင်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကာ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့်လည်း ထိုအကျပ်အတည်းကို ပြီးဆုံးအောင် ကူညီရာရောက်မည့် အလားအလာကောင်းသော နည်းဗျူဟာမပေးနိုင်သေးသည်ကို တွေ့နေရကြောင်းနှင့် အာဆီယံဘုံသဘောတူညီချက်ကလည်း အလုပ်မဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်တ်နိမာဆူဒီတို့သည် မြန်မာ့အရေး ချဉ်းကပ်မှုများ အပါအဝင် ယခုနှစ်အတွင်း အာဆီယံမှ အလေးထားဆောင်ရွက်မည့် ကိစ္စရပ်များကို ဖေဖော်ဝါရီ ၁၅ ရက်က ဖုန်းဖြင့်ဆက်သွယ်ပြီးပြောကြားခဲ့ကြပါသည်။ အမေရိကန်အနေဖြင့် ယခုနှစ်အတွင်း အာဆီယံ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် အင်ဒိုနီးရှား၏ အခန်းကဏ္ဍကို ထောက်ခံအားပေးသွားမည်ဟုလည်း ပြောကြားခဲ့ပါသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် မြန်မာ့စစ်ဘက်ဆိုင်ရာအရာရှိများအပါအဝင် လူပုဂ္ဂိုလ် ၉ ဦးနှင့် အဖွဲ့အစည်း ၇ ခုအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်လိုက်ကြောင်း ဥရောပသမဂ္ဂ (EU)က ထုတ်ပြန်ခဲ့ပါသည်။ ယခု ဒဏ်ခတ်ပိတ်ဆို့မှုကို (၆)ကြိမ်မြောက်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး စစ်တပ်မှ အဆင့်မြင့်အရာရှိများနှင့် စစ်ကောင်စီတပ်ကို လက်နက်ကိရိယာများနှင့် စစ်ဘက်- အရပ်ဘက် နှစ်သွယ်သုံး ပစ္စည်း၊ နည်းပညာများ ပံ့ပိုးပေးနေသော ထင်ရှားသည့် စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ဒဏ်ခတ်ပိတ်ဆို့ခံရသူများတွင် ရေတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး ( ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ စစ်ကောင်စီ ရန်ကုန်တိုင်း စီးပွားရေးဝန်ကြီး ဒုဗိုလ်မှူးကြီး မျိုးမြင့်အောင်၊ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ ကချင်ပြည်နယ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ စစ်ကောင်စီစွမ်းအင်ဝန်ကြီး ဦးမျိုးမြင့်ဦးတို့ ပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော အိန္ဒိယသည် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အာဏာသိမ်းမှုအတွက် တာဝန်ရှိနေသော စစ်ကောင်စီတပ်ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြု ဆက်ဆံနေကြောင်း အိန္ဒိယအခြေစိုက် မြန်မာ အရပ်ဘက်အဖွဲ့အစည်းများက ထောက်ပြပြောဆိုထားပါသည်။ အာဏာသိမ်းကာလ ၂ နှစ်အတွင်း အိန္ဒိယနိုင်ငံသည် စစ်ကောင်စီတပ်ကို လက်နက်ထောက်ပံ့မှု ၄ ကြိမ်ရှိခဲ့ပြီး၊ ယခုနှစ် ဇန်နဝါရီ ၄ ရက်က ပြုလုပ်သည့် စစ်ကောင်စီတပ်၏ လွတ်လပ်ရေးနေ့ အခမ်းအနားကိုလည်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ရှရီဗီနီကူးမာ (Shri Vinay Kumar)က တက်ရောက်ခဲ့ကြောင်း အိန္ဒိယရောက် မြန်မာနှင့် စစ်ဘေးဒုက္ခသည်အရေး ကူညီဆောင်ရွက်သော India for Myanmar အဖွဲ့က ပြောဆိုထားပါသည်။

သို့သော် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော မီဇိုရမ်ပြည်နယ်အစိုးရသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ထွက်ပြေးခိုလှုံလာကြသော စစ်ဘေးရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးတွင် ရူပီးငွေ သိန်း ၄၀၀ ကျော် အသုံးပြုထားကြောင်း သိရပါသည်။ မီဇိုရမ်ပြည်နယ်အတွင်းနေထိုင်သော စစ်ဘေးရှောင်ဦးရေစုစုပေါင်းမှာ ၃၁၅၀၈ ဦး ရှိပြီး၊ ၎င်းတို့အနက် ၃၁၀၅၀ ဦးမှာ မြန်မာနိုင်ငံမှဖြစ်ပြီး ၄၅၈ ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဖြစ်ကြောင်း သိရပါသည်။

> လေကြောင်းကာကွယ်ရေး အတွက် တော်လှန်ရေး အင်အားစုများအနေဖြင့် လေကြောင်းပစ်ကူ လက်နက်များရရှိရန်ခက်ခဲနေပြီး ကလေးသူငယ်များအပါအဝင် အရပ်သားများသည် အသက်အန္တရာယ်ကြား အခက်အခဲမျိုးစုံနှင့် နေထိုင်နေရကြောင်း

မြန်မာနိုင်ငံအတွင်း စစ်ကောင်စီတပ်၏ လေကြောင်း တိုက်ခိုက်မှုများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ လျစ်လျူရှုထားခြင်းကြောင့် လေကြောင်းကာကွယ်ရေးအတွက် တော်လှန်ရေးအင်အားစုများအနေဖြင့် လေကြောင်းပစ်ကူ လက်နက်များရရှိရန်ခက်ခဲနေပြီး ကလေးသူငယ်များအပါအဝင် အရပ်သားများသည် အသက်အန္တရာယ်ကြား အခက်အခဲမျိုးစုံနှင့် နေထိုင်နေရကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ NUG ၏ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးနိုင်ထူးအောင်က ထောက်ပြပြောဆိုထားပါသည်။

စစ်ကောင်စီတပ်သည် ရုရှားနိုင်ငံမှ ဝယ်ယူထားသော စစ်လေယာဉ်များကို အသုံးပြုနေပြီး၊ လေကြောင်းတိုက်ခိုက်မှုများမှာလည်း လာမည့် ကာလတွင် ပိုပိုများလာနိုင်ကြောင်းနှင့် အာဏာသိမ်းပြီး ၂ နှစ်တာကာလအတွင်း စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုမှာ အကြိမ်ရေ ၆၅၀ ကျော်ထိ ရှိခဲ့ကြောင်း ဦးနိုင်ထူးအောင်က ဖေဖော်ဝါရီ ၁၆ ရက်တွင် မြန်မာနိုင်ငံဒီမိုကရေစီအရေးဆောင်ရွက်နေသော ဂျပန်အောက်လွှတ်တော်အမတ် မာစဟာရုနာကာဂါဝါ၊ အထက်လွှတ်တော်ကအမတ် အိရှိဘရှိမီချီဟိရိုတို့နှင့် အွန်းလိုင်းမှ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့ပါသည်။

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။